# မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သော ငလျင်နှင့် ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Takeshi IWAYA ထံမှ ဝမ်းနည်းကြောင်း သတင်းထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၌ လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Takeshi IWAYA က မြန်မာပြည်သူပြည်သားများထံ ဝမ်းနည်းကြောင်း သတင်းစကားကို အောက်တွင်ဖော်ပြထားသည့်အတိုင်း မတ်လ ၂၈ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

"မြန်မာပြည်သူပြည်သားများအားလုံးသို့

မြန်မာနိုင်ငံအလယ်ပိုင်းဒေသကို ဗဟိုပြုလှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် နိုင်ငံတစ်ဝှမ်း ထိခိုက်ပျက်စီးမှု များစွာဖြစ်ပေါ်ခဲ့ကြောင်း ကြားသိရသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။ ထိခိုက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် မြန်မာပြည်သူပြည်သားအားလုံးနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ပြောကြားလိုပါသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများအားလုံး အမြန်ဆုံး သက်သာပျောက်ကင်းပါစေကြောင်းနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဒေသများသည်လည်း ဆောလျင်စွာပြန်လည်ထူထောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။ ကျွန်တော်တို့သည် ဂျပန်နိုင်ငံ၏ မိတ်ဆွေကောင်းဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်သူပြည်သားများနှင့်အတူ ဆက်လက်ရပ်တည်သွားပါမည်။"